# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
## ၄၃ ရက်မြောက်နေ့အစီအစဉ်
## ၃၁– ၁၀ – ၂၀၁၁ (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်၏ "တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်"နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ "နယ်စပ်ဒေသ တည်ငြိမ် ဖွံ့ဖြိုးရေး" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ "သက်တမ်းလွန်မော်တော်ယာဉ်များ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော " ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်များကို ဆွေးနွေးရန် အဆိုတင်သွင်း လိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော “ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်များကို ဆွေးနွေးရန် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော “ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း” ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၃ ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ၄၄ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။